www.burmeseclassic.com

# သောင်းကျန်းသူ

ဒဂုန်တာရာ

[ ၁ ]

၁၉၅၂ ခု မြသီတာမြစ်ဆိပ်ရှိ ကူးတို့မော်တော်ဘုတ်ကလေးသည် နောက်ဆုံးထွက်တော့မည့် ဥသြကို မှုတ်လေပြီ။ တစ်ဖက်ကမ်းသို့ ကူးရန်အတွက် ဤနေ့အဖို့ နောက်ဆုံးအခေါက်ဖြစ်သည်။ နေညိုညို။ ရေအနည်းငယ်စစ်သဖြင့် မော်တော်ဘုတ်နှင့် ကမ်းပါးထိုးထားသော ကုန်းဘောင်မှာ ခပ်လျှောလျှော ဖြစ်နေသည်။ သင်္ဘောကုလားများသည် ချည်ထားသော ကြိုးများကို လိုက်လံဖြုတ်စပြုလေပြီ။ ဦးခန်းမှ ကြေးဝါရောင် တက်မကိုင်ထားသော ဆလင်သည် ကမ်းဘက်သို့ မျှော်ကြည့်ရင်း ခရီးသည်များ လာဦးမလားဟု စောင့်သလိုလုပ်နေသည်။ မော်တော်ဘုတ်ကား ဆေးအဖြူများဖြင့် သုတ်ထားသည်။ ကြွေဆေးသုတ်ထားသဖြင့် ဖြူနေသော်လည်း ကြေးပွတ်လုံးတိုင် တရုတ်ကပ်တံခါးစသော အခြားအခြားအဖြူနှင့် ဆက်စပ်နေသည့် အဆောင်အယောင်များမှာ ညီတူခြယ်လှယ်ထားခြင်းမရှိလှ။

သစ်ရွက်စိမ်း သုတ်ထားသော ပဲ့ဘက်မှ တရုတ်ကပ်တံခါးများမှာ အနည်းငယ်ဟောင်းနေပြီး ကြေးပွတ်လုံးတိုင်များမှာလည်း အရောင်တင်မထားသဖြင့် ရွှေအိုရောင် ပေါက်နေ၏။

မော်တော်ဘုတ်မှာ အိုနေပုံရ၏။ သို့သော် အိုမင်းခြင်းကိုပြေအောင် ကြွေဆေးဖြူသုတ်ခြင်းဖြင့် ဖြေ၏။ အမိုးထိပ်မှ အဖြူနှင့်အစိမ်းစင်းတာလပတ်မှာ အချွန်အချွန်ကလေးများဖြင့်ကိုက်ကာ အထဲမှ နေကြည့်သောခရီးသည်များသည် အဖြူအစိမ်းစများကို မြင်နိုင်၏။ လေတိုက်သည့်အခါ တဖျတ်ဖျတ် လွင့်နေကြ၏။

ရေတပ်အပြာအင်္ကျီကို ဝတ်ထားသော သင်္ဘောကုလားသည် ကုန်းဘောင်ဖြုတ်ရန် မ,စဉ်ပင် ကုန်းပေါ်ရှိ ဂျစ်ကားတစ်စင်းထက်မှ “နေပါဦး၊ နေပါဦး တစ်ယောက်ကျန်သေးတယ်” ဟူသော မိန်းမသံတစ်သံသည် ထွက်ပေါ်လာသည်။

သင်္ဘောကုလားသည် ကုန်းဘောင်ကိုပြန်၍ချလိုက်သည်။ တတင်တင်နှင့် အချက်ပြများကို ဆွဲနေသော ဆလင်သည် “အကျိုးနည်း၊ သင်္ဘောထွက်ခါနီးမှ ကပ်လာတယ်” ဟု တစ်ချက်ညည်းတွားကာ ကုန်းပေါ်မှ လှပသော မိန်းမပျိုကိုမြင်၍ မျက်လုံးမှေးပြီး စက်ကို လျှော့လိုက်သည်။

နောက်ကျသော ခရီးသည်မိန်းမပျိုသည် လျှောကျနေသော ကုန်းဘောင်မှ ခပ်သုတ်သုတ်ကလေး ပြေးဆင်းလာသည်။ ပြေးဆင်းလာသဖြင့် အရှိန်လွန်သွားရာ မော်တော်ဘုတ်မှ တိုင်တစ်တိုင်ကို ဖမ်းကိုင်လိုက်သည်။ လဲမသွား။

မော်တော်ဘုတ်လည်း တစ်ချက်နှစ်ချက် ပန်းနာရှိုက် ရှိုက်ကာ နောက်ဆုံးတစ်ချက်တွင် ခပ်ပြင်းပြင်း၊ ခပ်ရှည်ရှည် ချောင်းဟပ်လိုက်ပြီး ထွက်စပြုသည်။ စိမ်းပြာပြာရေပြင်မှ ဖြူဖွေးသော ရေမြှုပ်များသည် ဂယက်ပန်းထကာ မော်တော်နှင့် ကပ်ပါလာကြသည်။

မိန်းမပျိုကား အထဲသို့မဝင်သေးဘဲ ကြက်သွေး

www.burmeseclassic.com

www.burmeseclassic.com



အနီရောင် သုတ်ထားသော မြှောကြောင်းခါးပန်းပေါ်တွင် ရပ်ကာ ကမ်းပါးပေါ်မှ သူ့ကို လက်ကိုင်ပဝါများနှင့်လှုပ်ကာလှုပ်ကာ နှုတ်ဆက်နေသော သူငယ်ချင်းမိန်းမပျိုများကို ပြန်၍ လက်ပြနေသည်။

"ညိုမီရေ ကြယ်နီတစ်ပွင့်လောက် ခူးခဲ့ဟေ့" ဟု အင်္ကျီလက်တို သရက်ထည်ကွက်ထမီနှင့် ခပ်ကြီးကြီးတစ်ယောက်က ရယ်မောကာ အော်ပြောလိုက်သည်။

"ညိုမီရေ ကိုယ်တစ်ခုမှာလိုက်မယ်၊ ပဝါပါးနဲ့များ ဘယ်တော့မှ ကြက်သားမထုပ်နဲ့နော်"

ကမ်းပေါ်မှ တဝါးဝါး ရယ်မောသံများ ပေါ်လာသည်။

ညိုမီကား ခါးပန်းပေါ်တွင် မတ်မတ်ရပ်ကာ သူတို့အားသာ ပြုံးကာကြည့်နေသည်။ သူမ၏ခြေမှ ချော့ကလက်ရောင် ကြိုးသိုင်းရှူးဖိနပ်မှာ သဘော်ခါးပန်းအဖြူနှင့် အနီဝယ် ကန့်လန့်ဖြတ်ကာ ပေါ်နေ၏။ လက်တစ်ဖက်က တစ်တောင်ခန့်ရှိ အညိုရင့်လက်ဆွဲသားရေအိတ်ငယ်တစ်ခုကို ဆွဲထားသည်။ လက်မောင်းပေါ်မှလည်း အနီရောင်ကုတ်အင်္ကျီ။

"ညို...မီ..ချယ်ရီ..ယို"

ကမ်းပေါ်မှ မိန်းမတစ်သိုက်အားလုံးသည် လက်များကို ပြိုင်တူမြှောက်၍ပြကာလှုပ်ပြီး သီချင်းသံပြိုင်လို အော်လိုက်ကြသည်ကို တဖြည်းဖြည်း ကမ်းနှင့်ခွာကာ ဝေးလာသော မော်တော်ဘုတ်ပေါ်မှ သဲ့သဲ့ကြားနိုင်ပေသည်။ သူတို့နောက်မှ ဆေးတံကို ကိုင်ထားသော တက္ကသိုလ်တံဆိပ်တပ် ဘလေဇာအင်္ကျီ၊ ဘောင်းဘီဖြူနှင့် ယောကျ်ားပျိုသည် ချယ်ရီယိုသံပြိုင်တွင်မပါဘဲ ခါးထောက်ရပ်ကာ မော်တော်ဘုတ်ကို ငေးကြည့်နေသည်။ မိန်းမပျိုတသိုက်မှာ မည်သူမျှ သူ့ကို သတိမထားမိကြ။

ညိုမီသည် လက်လှုပ်ပြနေသော ကျောင်းသူမိန်းမပျိုများ၏သဏ္ဌာန်၊ သူတို့ဘေးမှ ဆေးတံနှင့် ဘောင်းဘီဖြူသဏ္ဌာန် စသည်များ မသဲကွဲမှုန်ဝါးလာတော့မှ လည်ကုပ်ပေါ်မှလျှောကာ ရှေ့သို့ကျလာသော ဆံပင်ကောက်လှိုင်းကလေးများကို လက်နှင့်အသာဖယ်ပြီး ခေါင်းငုံ့ကာ မော်တော်ထဲသို့ ဝင်လိုက်သည်။

ခရီးသည်တွေ မနည်းပါပဲကလား။ စုံလို့။ စက်ခန်းဘက်တွင် ဇင်လက်တို၊ မန္တလေးလုံချည်အကွက်ကျဲကြီးများဖြင့် လယ်သမားကြီး ၄–၅ ဦးကို တွေ့ရသည်။ ဘာဘူကုလား ၂ ဦးလည်း ပါသေးသည်။ အသက် ၄၀ ခန့် စိန်ပွဲစားနှင့်တူသော မိန်းမကြီးတစ်ဦးသည် စီးကရက်ကိုဖွာကာ သားရေသေတ္တာကို မှီကာ မြစ်ဘက်သို့ ငေးကြည့်နေသည်။ နောက်ပြီး အင်္ကျီအစိမ်းလက်တို ဘောင်းဘီရှည်နဲ့ တရုတ်ကပြား ၃–၄ ဦးလည်း ပါသည်။ မိန်းမဆိုလို့ စီးကရက်နဲ့ မိန်းမကြီးနဲ့ ညိုမီပဲပါကလား။

ညိုမီသည် ဟိုဟိုဒီဒီ မျက်လုံးကစားကာကြည့်လိုက်ပြီး ဦးဘက် ဆလင်ခန်းနောက်ရှိ လွတ်နေသော နေရာတစ်ခုသို့သွားကာ လက်မှသားရေအိတ်ကို ပစ်ချလိုက်သည်။

"အို...အို...မတော်လို့ပါနော်၊ စိတ်မရှိပါနဲ့"

ထူထဲလေးလံသော ရွှေမင်သုတ်သားရေဖုံးစာအုပ်ကြီးတစ်အုပ်ကို ဖတ်နေသော အသက် ၅၀ ခန့် လူကြီးတစ်ဦး၏ သက္ကလပ်ကုတ်အင်္ကျီကို ပွတ်၍ထိသွားသဖြင့် ညိုမီက တောင်းပန်လိုက်သည်။

လူကြီးသည် ဣန္ဒြေမပျက်ပင် ကျွဲကော်ကိုင်းမျက်မှန်ထဲမှ စူးရှထက်မြက်သော မျက်လုံးဖြင့် လှန်ကြည့်ကာ "ကိစ္စမရှိပါဘူး..." ဟု ဆိုကာ စာအုပ်ကို ဖတ်မြဲဖတ်နေသည်။

ညိုမီသည် ဘေးပတ်လည်သို့ မသိမသာ မျက်လုံးကို စွေကြည့်ပြီး နေရာတွင် ထိုင်ချလိုက်သည်။ စိန်ပွဲစားမိန်းမကြီးမှာ စီးကရက်နောက်တစ်လိပ် ထပ်ညှိကာ မြစ်ဘက်သို့ငေးလျက်၊ လယ်သမားကြီးတို့သည် မြေသြဇာဆေးအကြောင်း ဆွေးနွေးနေကြသည်။ ဘာဘူကုလားတို့သည် ရွှေဈေးအတက်အကျကို ငြင်းခုံနေကြသည်။ အင်္ကျီစိမ်းနှင့် တရုတ်ကပြားများကား အမေရိကန်ရုပ်ရှင်မှ ဘက်တီဂရေဘယ်၊ အလင်လက် ... တို့အကြောင်း ပြောနေကြသည်။

တစ်နေရာတွင် ညိုမီ၏ မျက်လုံးအိမ်ကလေးသည် လယ်သွားသည်။ သူငယ်အိမ်ထဲတွင် သက်တံရောင် ဖြတ်သန်းသွားသည်။ သက်တံရောင်နှင့်အတူ နှုတ်ခမ်းတွင် လှုပ်ရှားမှုဖြစ်သွားသည်။ သူမသည် နှုတ်ခမ်းကို ဆစ်ခနဲကိုက်မိသည်။ ဆိုးထားသော နှင်းဆီရိပ်ကလေးသည် လွင့်သွား၏။

မီးခိုးရောင် သက္ကလပ်ကုတ်အင်္ကျီရှည်ကြီးကို ဝတ်

www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ အထဲမှ ရှပ်ကော်လံအဖြူသည် အပြင်သို့ ကစင့်ကလျား ထွက်နေ၏။ အသားလတ်၊ နှာတံပေါ်ပေါ် မျက်လုံးများမှာ ညိုရောင်သမ်း၏။ ဆံပင်ကောက်ပုံကား ရိုင်းရိုင်းနှင့်လှ၏။ ခေါင်းလိမ်းဆီကို ဂရုစိုက်လိမ်းခြင်းမပြုသဖြင့် ဆံပင်မှာ နီချင်နေ၏။ သို့သော် မနီ။ မပြောင်လက်ဘဲ ခပ်မှိုင်းမှိုင်းနေ၏။ ဆံပင်အခွေအကောက်ကလေးများသည် ဗရပွဖြစ်နေကြ၏။ အသက်ကား ၃၁ ကျော်လောက်ဟု ခန့်မှန်းရ၏။

သူသည် ခရီးသည်အားလုံးကို ကျောပေးကာ မြစ်ဘက်သို့လှည့်ပြီး မဂ္ဂဇင်းတစ်အုပ်ကို ဖတ်နေ၏။ ခြေထောက်ကို မော်တော်ခါးပန်းတွင် တစ်ဝက်တင်ထား၏။ မည်သူ့ကိုမျှ သတိထားခြင်းမရှိ။ ခါးတွင် ခြောက်လုံးပြူးကြောင့် ဖုထစ်နေ၏။ အမူအရာမှာ ယဉ်ကျေးမှု၊ သိမ်မွေ့မှုကို ဂရုပြုသည့်ဟန်မပေါ်။ လွတ်လွတ်လပ်လပ်နှင့် ခပ်မာမာ။ လူကား လူချောတစ်ယောက်ဖြစ်ပေ၏။ သို့သော် မှုန်တေတေ။

ညိုမီသည် ဘေးတိုက်ပုံသဏ္ဌာန်ကို အသာကြည့်ကာ သူမ၏ သားရေအိတ်ကို နေရာချထားနေသည်။ တရုတ်ကပြားကလေးများသည် ထိုအခါကျမှပင် ညိုမီ့ကို အကဲခတ်ခွင့် ရလေတော့သည်။

ညိုမီသည် လက်တွင်ပွေ့ထားသော ကုတ်အင်္ကျီအနီကို သားရေအိတ်ပေါ်သို့ အသာတယာတင်သည်။

BURMESE CLASSIC .com

[ ၂ ]

အို... ဘယ်လိုများ ပြောရပါ့မလဲ။ သိပ်လည်း မှိုင်းနေအောင်မရင့်၊ ရှော့ရဲရဲ ဖျော့တော့တော့ ခပ်ပေါ့ပေါ့လည်း မဟုတ်။ စပ်ဖြဲဖြဲကြောင်တောင်တောင်လည်း မဟုတ်၊ ဘယ်မှထွက်မပြေးဘဲ နေရာတင်ပဲ ဣန္ဒြေရရ တည်ငြိမ်တဲ့ အဝါကလေးက အောက်ကပါးပါးလျုလျုကလေးခံထားပြီး ခံထားမှန်းလည်းမသိနိုင်တဲ့ ညက်ညက်ညောတဲ့ အနီခင်ဗျ အနီ။ ဝတ်လစ်စလစ်အနီ။ ကြက်တူရွေးအနီ။

အထူးသဖြင့် အဲဒီအနီက ညိုမီနှင့်မှ လိုက်သည်။ ဆံပင်မှာ အမေရိကပုံဖြစ်သည်။ တွန့်ရှုန့်၊ သွယ်ရရယ်၊ ဖွာရရာ။ ညာဘက်ရှိ ဆံပင်အမောက်ထက်တွင် ဆံညှပ်နှင့် ဖိ၍ စကားပန်းဝါဝါကလေးကို သုံးပွင့်တွဲကာ ထိုးစိုက်ထားသည်။ အိုဒီကလုံး ပြင်သစ်ရေမွှေးနံ့နှင့် စကားပန်းနံ့သင်းသင်းမှာ အချင်းချင်းကစားနေကြသည်။ ရှည်နေသော ဆံယဉ်တစ်ခုသည် စကားပန်းမှ ဝေ့ဝိုက်ကာ နဖူးပေါ်သို့ ကွေးကျနေသည်။ နဖူးပေါ်တွင်ကား ဆံယဉ် ဆံညွန့်တို့သည် ဝဲကာကော့နေသည်။

အင်္ကျီမှာ နုံ့သာရောင် နိုင်လွန်ပိုး၊ ညိုမီ၏ တင်းရင်းသောအသားဝယ် ပါးပါးနွဲ့နွဲ့ကလေး လွှမ်းထားသည်။ အသားရောင်နှင့် နုံ့သာသွေးမှာ ဟပ်သည်။ မို့မောက်သောရင်သားအလယ်တွင် ရွှေကွတ်ပုလဲရင်ထိုးကလေးမှာ အိညက်သော တိမ်ဂွမ်းထက်တွင် ထိုးတင်ဆိုက်ကပ်သော ပုလဲလှေနှင့်တူသည်။ ပုလဲမှ နဂါးငွေ့များသည် တိမ်တိုက်အကြားဝယ် ယိုဖိတ်အန်ကျနေ၏။

အင်္ကျီမှာ ပုံကျလှသဖြင့် လက်မောင်းသားများသည် သွယ်ပျောင်းအိစက်နေကြ၏။ တွန့်တက်ဖောင်းခုခြင်း မရှိ၊ ခေါက်ကျိုးနေခြင်းမပါ။

ထဘီမှာ ပိုးတွန့်ချောကလက်ရောင် အရင့်ပေါ်တွင် အနက်နှင့် အဖြူရောထားသော စိတ်ကူးပန်းပွင့်များ။ အပွင့်တင်မဟုတ်၊ အရွက်တွင်လည်း အနက်နှင့်အဖြူများပင် စပ်ထား၏။ စိမ်းရွက်မဟုတ်။ ထိုအပေါ်က ရွှေဝါရောင် အမျှင်ပါးကလေးကို အပါးအထူ အစိပ်အကျဲကို တမင်တကလာမလုပ်ဘဲ ဖြစ်သလို ဖျန်းပက်လိုက်၏။ ရွှေဝါမျှင်ကလေးများသည် ငြိမ်မနေဘဲ လှိုင်းထနေ၏။ လှုပ်ရှားကစားနေ၏။ ရွှေဝါမျှင်ကလေးတို့သည် လွန့်နေကြပေ၏။

ထို့အပြင် ကြယ်စီစိန်တာရာပွင့်များသည် တလက်လက်နှင့် တိမ်ဝါဂွမ်းကလေးထက်မှ မျက်တောင်ခတ်နေကြ၏။ ပုလဲလှေမှာ သောင်စွန်းတစ်ခုတွင် ညိကာ တင်နေသည်။ ပုလဲလှေသည် နိမ့်ချည်မြင့်ချည်နှင့်။

ညိုမီသည် ဘာလုပ်ရမှန်းမသိဘဲ ငေးနေမိပြီးမှ တစ်ဖန်ကုတ်အင်္ကျီအနီကို အသာဖယ်ကာ လက်ဆွဲသားရေအိတ်မှ ဘုကလေးကိုနှိပ်ကာဖွင့်သည်။ သားရေအိတ်အစွန်းတွင် ဖောင်းကြွသော စာလုံးအဖြူသေးသေးဖြင့် နာမည်ထိုးထားသည်။ ကြည့်နိုင်မှမြင်ရသည်။

Naomi Gone Ban (ညိုမီဂုမ္ဘန်)တဲ့။

ညိုမီသည် သားရေအိတ်ထဲသို့ လက်နှိုက်မွှေနှောက်ကာ ခပ်ရှည်ရှည်စာအုပ်တစ်အုပ်နှင့် မျက်မှန်ဘူးကိုထုတ်လိုက်သည်။ စာအုပ်မှာ အဝတ်ဖုံးအပြာရင့်ရောင်မှာ 'သတင်းပညာ"ဟူသော စာလုံးထိုးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် သားရေအိတ်ကို အသာပြန်ပိတ်ပြီး ဒူးနှစ်ဖက်ထပ်ထိုင်ကာ ပေါင်ပေါ်တွင် ထို'သတင်းစာပညာ' စာအုပ်ကို ဖွင့်ကာလှန်လှောသည်။ မျက်မှန်ဘူးထဲမှ လိပ်ခွံကိုင်းမျက်မှန်ကိုထုတ်ကာ တပ်သည်။ စာအုပ်ကိုလှန်လှောရင်း တစ်နေရာတွင် စာရွက်ခေါက်တစ်ရွက်ကိုတွေ့ရာ ဖတ်နေသည်။

ညိုရေ...

ကိုတော့ ညိုနဲ့အတူနေချင်လှပြီ။ နောက်ပြီး ကိုယ်တို့တတွေ ကျောင်းရဲ့မှန်ခန်းတွေထဲမှာ တွေ့နေရ၊ အင်းလျားကန်ရိပ်မှာ လမ်းအတူ လျှောက်ရရုံတွေဟာ တကယ်ဆိုတော့ အိပ်မက်ထဲက ဝိုးတိုးဝါးတားနဲ့ အလကားပါပဲ။ လူ့ဘဝနဲ့လည်း မတူပါဘူး။ အရိပ်တွေမျှသာပဲ။ လက်နဲ့ဖမ်းလို့လည်းမရ။

ညိုရဲ့စာပေစိတ်ကို ကိုယ်လေးစားပါတယ်။ အခုလဲ သတင်းစာအတတ် မဟာသိပ္ပံဘွဲ့အတွက် ခရီးထွက်မှာ ပြည်သူ့အစိုးရအကြောင်း (Thesis) စာအုပ်ရေးမှာကို သဘောမတူလို့မဟုတ်ပါဘူး။

ကိုယ့်စိတ်ဟာ ညို့အပေါ်မှာပဲ ပုံထားသလို ညိုက ကိုယ့်အပေါ်မှာ မပုံဘူးလို့ ထင်တယ်။ ဘယ့်နှယ်လဲ။

အချစ်ဆိုတာကော ဘာလဲ။ ညိုပြောစမ်းပါဦး။ ကိုယ်တော့ ဂျာမန်အဘိဓမ္မာဆရာကြီးဟီးဂဲရဲ့စကားကို ကိုးကားချင်တယ်။ အချစ်ဆိုတာ ပိုင်ဆိုင်မှုတစ်ရပ်ပါပဲတဲ့။ ကိုယ်တော့ ညို့ကို ပိုင်ချင်တာပဲ။ ကလေးဆန်တယ်ပဲ ပြောပြော။

တစ်ခါတုန်းက နော်ဝေကဗျာဆရာတစ်ယောက်လားမသိဘူး ရေးခဲ့တဲ့ ကဗျာတစ်ပုဒ်ကို သွားအမှတ်ရတယ်။

**မောင်လေ... မင်းကို ဖျစ်ညှစ်ပြီး ဖန်ပေါင်းချောင်ထဲမှာ ထည့်ထားချင်တယ်။ ဒါမှ မင်းကလေး ဘယ်ကိုမှ ထွက်မပြေးနိုင်မှာ...**

ကိုယ်က ညို့လောက် ကဗျာမှာ အယုံအကြည်ရှိတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီကဗျာကတော့ အင်မတန်အချစ်ပိုတဲ့ ယောကျ်ားရဲ့စိတ်ကို ဖော်ပြလိုက်တာပဲ။

မှတ်မိသေးလား။ တစ်နေ့က မိတ်ဆက်ပွဲအပြန် ညို့ကိုလိုက်ပို့တုန်းကလေ။ လကလည်း သာလိုက်တာ၊ အင်းလျားလမ်းက ငွေမြစ်ပြင်လိုပဲ တလက်လက်တဖိတ်ဖိတ်နဲ့ အဲဒီတုန်းက ညိုက စကားတွေပြောလိုက်တာ၊ ငယ်ငယ်ကအကြောင်းရော၊ ကဗျာလင်္ကာရော၊ ဂရိတ်ပုံပြင်ရော စုံလို့။ ကိုယ်ကတော့ ညို့ရဲ့စကားသံသာ ကြားနေတာ၊ ညိုဘာပြောမှန်း သိတာမဟုတ်ဘူး။

အဲဒီတုန်းက ကိုယ့်စိတ်ထဲမှာ ဘယ်လိုဖြစ်လာမှန်း မသိဘူး။ ညိုကတော့ ကိုယ်စိတ်လှုပ်ရှားနေတာကို သိမှာလည်း မဟုတ်ဘူး။ ရိပ်မိမှာလည်း မဟုတ်ဘူး။ အဲဒီတုန်းကလေ တစ်ခါတည်း ညို့လက်ကိုသာဆွဲပြီး ထွက်ပြေးချင်တာပဲ။ ဘယ်ရောက်ရောက် ငရဲပြည်ဖြစ်ဖြစ် နတ်ပြည်ဖြစ်ဖြစ်။

ညိုရေ သီးစစ်စာအုပ် ရေးပြီးရင် မြန်မြန်ပြန်ခဲ့နော်။ ဟိုမှာမနေရစ်နဲ့ဦး။ မိန်းမဆိုတာ စိတ်မနိုင်ဘူး။ အာရုံသစ်မှာ စိတ်ပါလွယ်တတ်တယ်။ အလျှော့ပေးတတ်တယ်။ အို... ညိုကတော့ တော်ပါတယ်။

သိပ်အအေးမခံနဲ့။ ညိုက ခဏခဏ ရင်ကျပ်တတ်တယ်။ ကုတ်အင်္ကျီအနီကြီး အမြဲတမ်းဆောင်ထား။ သဘော်ဆိပ်ကို မြတို့တစ်သိုက်နဲ့ လိုက်ပို့ဦးမယ်။

ညိုရဲ့<br>**မောင်**

ညိုမိသည် စာကို ၂ ခေါက် ပြန်ဖတ်နေသည်။

ပြီးလျှင် ထိုစာအုပ်ကြားထဲတွင်ပင် ပြန်ညှပ်ကာ မျက်မှန်ကိုလည်းချွတ်ကာ ဘူးထဲပြန်ထည့်သည်။ ထည့်ပြီး တစ်ဖက်ကမ်းသို့ ငေးကြည့်နေမိသည်။

အို...မြစ်ရေရောင်ဟာ ပြောင်းသွားပါပကောလား။ စောစောက မြစ်ရေမှာ စိမ်းလဲ့လဲ့။ ယခုကား နက်မှောင်လာပြီး အစိမ်းရောင်မှာ ဆိုရုံသာ ကျန်တော့သည်။ အင်မတန်အနက်များပါသော အစိမ်းရင့်။

ဟုတ်မှာပဲ။ အလင်းရောင်ပင်ပါး၍ လာပြီမဟုတ်လား။ ကျန်ရစ်ခဲ့သော တစ်ဖက်ကမ်းမှာ ပျပျကလေးပင် ရှိတော့သည်။ မိမိတို့ သွားရမည့် တစ်ဖက်ကမ်းမှာ တောင်ကမ္ဘားစွန်းကြီးများဖြစ်သည်။ မြေများမှာ ပဲ့ကျသဖြင့် မြေနီဖြစ်နေသည်။ တောင်ကမူအထက် အမိုးဘက်မှသာ သစ်ပင်များကို မြင်ရသည်။ အဲဒီတောင်များဘက်တွင် ပြည်သူ့အစိုးရနယ် ရှိပေမည်။

နေသည် မြသီတာမြစ်အောက်သို့ တငုံ့ငုံ့ငုံ့ငုံ့နေလေပြီ။ ပန်းရောင်ရိပ်များသည် အစိမ်းရင့်ပေါ်တွင်ကွန့်မြူး

www.burmeseclassic.com



လေပြီ။ အစိမ်းပုပ်နှင့် ပန်းနုရောင်။

သူမ၏ဘေးမှ ကျွဲကော်ကိုင်းမျက်မှန်နှင့် အဘိုးကြီးသည်ပင် ဖတ်နေသော သားရေဖုံးစာအုပ်ကြီးကို ပိတ်ကာ မြစ်ပြင်ကို ငေး၍နေသည်။

စာအုပ်မဖတ်ဘဲနေသော အဖိုးကြီး၏မျက်နှာမှာ စောစောကလောက် တင်းမာခြင်းမရှိ။ စာအုပ်ဖတ်စဉ်က မျက်မှောင်ကုတ်နေပြီး ယခုမှာ ဖန်ခွက်ထဲမှရေလိုကြည်သည်။

"ဘယ်သွားမှာလဲ ဟိုဘက်ကမ်းပဲလား"

အဘိုးကြီးက ညိုမြို့ကိုကြည့်ကာ မေးလိုက်၏။

"ဟုတ်ကဲ့ ဟိုဘက်ကမ်းကမှ ရန်အောင်မြို့တော်အထိ သွားရမှာ" ဟု ညိုမြိက ပြုံးကာ ဖြေလိုက်သည်။

"သြော်... သြော် ဒါဖြင့် ဆိပ်ကနေပြီး မော်တော်ကားစီးရမှာပေါ့။ ဘတ်စ်ကားတွေလည်း ရှိတယ်။ အငှားကားတွေလည်း ရှိပါတယ်"

"ဟုတ်လား အငှားကားတွေလည်း ရှိလား။ ဒီလိုဆိုရင် ဟန်ကျသားပဲ ဦးရဲ့။ ရန်အောင်မြို့တော်အထိ ဘယ်လောက်ကြာ သွားရမှာလဲ"

"သြော်... ရန်အောင်မြို့တော်ကို တစ်ခါမှ မရောက်ဖူးသေးဘဲကိုး။ နေ့ဝက်ခရီးပါပဲ"

မော်တော်ဘုတ်သည် တစ်ချက်နှစ်ချက် ပန်းနာချောင်းဟပ်ကာ နောက် မောနေသည်။ သူတို့လည်း စကားပြတ်သွားကြ၏။

BURMESE CLASSIC .com

မော်တော်စက်သံသည် ငြိမ်သွားသည်။

"စက်ပျက်ပြန်ပြီထင်တယ်" ဟု တရုတ်ကပြားများဆီမှ တစ်ယောက်တစ်ပေါက် ထွက်လာသည်။ စက်ခန်းနှင့် ကပ်နေသော လယ်သမားကြီးသည် နေရာမှထကာ စက်ဘက်သို့ ခေါင်းပြူ၍ ကြည့်နေကြသည်။

စက်ခန်းဘက်မှ ရှူးရှူးရှဲရှဲ စက်သံများ ထွက်နေကာ ပန်ကာကား မလည်တော့သဖြင့် မော်တော်ဘုတ်သည် အရှိန်သာ ရှိတော့သည်။ စောစောက ဟဲ–ဟဲ–ဟဲ–ဟဲနှင့် ထသော ဂယက်စက်ပန်းသည် ကျသွားကာ မော်တော်ဘုတ်ဝမ်းနှင့် ရေထိရိုက်သံသာ ကြားရတော့သည်။

ညိုမြိသည် ငေးမောကာ မျက်စေ့ကလေးလယ်၍ ဟိုဟိုဒီဒီ ကြည့်နေ၏။ မဂ္ဂဇင်းဖတ်နေသော လူချောချောလည်း မဂ္ဂဇင်းကို အသာချလိုက်သည်။ ဆည်းဆာသည် အတော်ရင့်၍လာလေပြီ။ အလင်းရောင်သည် စာဖတ်၍ မရတော့။ ခရီးသည်များ လှုပ်လှုပ် ဖြစ်နေကြသည်။

"ဟိုဘက်ဆိပ်ကမ်းက ဘယ်လောက်ဝေးသေးသလဲဦးရဲ့"

ညိုမြိသည် နည်းနည်းသိချင်လာလေပြီ။

"သိပ်တော့ မဝေးပါဘူး လေးငါးခြောက်မိုင်ပါပဲ"

စက်သည် တဖွတ်ဖွတ်အသံ မြည်လာပြန်သည်။ သို့သော် ပန်ကာကားမလည်၊ ရေစီကြောတွင် မျောနေသည်။ ထို့နောက် ခဏကြာလျှင် အသံလုံးလုံး ထွက်မလာတော့ဘဲ ငြိမ်သက်သွားပြန်သည်။

အမှောင်ထုသည် နက်ရှိုင်းစပြုလေပြီ။ တစ်ဖက်တွင် ရှိသော ကမ်းပါးစောက်ကြီးများကိုကား အထင်းသားမြင်ရသည်။ မြေနီနီလား၊ တောစိမ်းစိမ်းလားကိုကား မသဲကွဲတော့။

မော်တော်ဘုတ်ထဲရှိ လူများသည်ပင် သဏ္ဍာန်အဖြစ်သာ ပေါ်တော့သည်။ စောစော အလင်းရောင်ရှိတုန်းက အသိနှင့်သာ ဘယ်သူဘယ်ဝါ ခန့်မှန်း၍ရသည်။ ညဘက်သို့ တိုးစပြုသဖြင့် လေသည် တဖြူးဖြူး တိုက်စပြုသည်။

"ဟော့... မော်တော်ဆရာတို့ ဒီလိုဆို ဘယ့်နှယ်လုပ်မလဲ" ဟု လယ်သမားကြီးက ဦးခန်းဘက်သို့ အော်ကာ မေးလိုက်၏။ သူက စပြောတော့မှ အခြားခရီးသည်များလည်း ပွစိပွစိ ဖြစ်လာကြ၏။

ညိုမြိကား နှုတ်ခမ်းကိုကိုက်ကာ ငေး၍နေသည်။

"သည်းခံကြပါခင်ဗျာ၊ ကျွန်တော်တို့ စက်ပြင်နေပါတယ်" ဟု ဆလင်သည် ဦးခန်းပြတင်းပေါက်မှ ခေါင်းပြူကာ တောင်းပန်နေသည်။

လယ်သမားကြီးက "တို့က လယ်ယာစိုက်ပျိုးရေးသိပ္ပံကျောင်းကို မနက်အမီသွားရမယ်" ဟု ညည်းတွားနေ၏။

"ဟုတ်ကဲ့၊ ကျွန်တော်တို့ စက်ပြင်နေပါတယ်။ စက်တွေက ဟောင်းနေပြီ။ ဟိုလွတ်လပ်ရေးမရခင်ကတည်းက ဟောင်းနေတဲ့စက်တွေ။ စက်အိုတော့လည်း တစ်ခါတစ်ခါ ချွတ်ယွင်းတာပဲခင်ဗျ။ လူတွေတောင် အသက်ကြီးလာတဲ့အခါမှာ မမာမကျန်း ဖြစ်ရသေးတယ် မဟုတ်လား"

ဆလင်မှာ ပါဠိပါဠ္ဌသားများ ပြည့်ညှပ်ကာ သ[illegible]ရ သဘောတရားအကြောင်း ပြောဟောနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သားရေဖုံး စာအုပ်ဖတ်သော အဘိုးကြီး၏ နောက်နားမှ ကုန်သည်နှင့်တူသော လူတစ်ယောက်က မကြားတကြားဖြင့် "စက်အဟောင်းအဆွေးတွေ သုံးတာကို မာရှယ်စိမ်ကိန်းသာ ဟိုတုန်းက လက်ခံလိုက်ရင် ဘယ်လောက်များ စက်တွေ၊ အင်ဂျင်တွေ ပေါ်လိုက်မလဲ အလကား" ဟု မဲ့ကာ ရွဲ့ကာ ပြောနေသည်။

သူကိုယ်တိုင်မှာ အဖြူကွက်များ သမ်းနေသော နက်ပြာရောင် ဆတ်ချိသက္ကလပ် အပေါ်ဖုံးကို ဝတ်ထားသည်။

မီးခိုးရောင် ကုတ်အင်္ကျီနှင့် ခပ်ချောချောယောကျ်ားပျိုသည် မသိမသာ မျက်လုံးဖွေကာ ကြည့်လိုက်သည်ကို ညိုမြိုက အကဲခတ်မိသည်။

မာရှယ်စိမ်ကိန်းဆရာသည် ဆက်လက်ကာ "သောင်းကျန်းသူတွေကြောင့် အစစအရာရာ ခွကျကုန်တာပေါ့၊ ဟိုတုန်းက ကျွန်တော့်အိမ်တွေ မီးရှို့ခံရတယ်။ ဆန်စက်တစ်လုံးလည်း ပါသွားတယ်။ ကျွန်တော် ရန်ကုန်လာနေတုန်း အရှို့ခံရတာ"

ညိုမြိုနှင့်အဘိုးကြီးဘက်သို့ လှည့်ကာပြောနေသည်။ သို့သော် တစ်ခွန်းတစ်ပါဒမျှ ဝင်မပြောကြ။ ထိုသူသည် သောင်းကျန်းသူကို ခေါင်းတပ်ကာ သူဆင်းရဲကျပ်တည်းလာရသည့်အကြောင်း လျှောက်ပြောနေသည်။

အဘိုးကြီးက သူ့စကားဆုံးသွားလောက်မှ "နေပါဦး ခင်ဗျားစက်တွေ အိမ်တွေ မီးရှို့တာ သူပုန်တွေကလို့ အသေအချာသိရသလား" ဟု မေးလိုက်သည်။

"သတင်းစာတွေမှာ သောင်းကျန်းသူတွေက မီးရှို့တယ်လို့ ပါတာပဲ။ ဒီကောင်တွေပဲ ဖြစ်မှာပဲ။ သူတို့က နေ့ချင်းညချင်း သူဌေးဖြစ်ချင်ကြတဲ့ ကောင်တွေ"

ထိုသူမှာ ဒေါသသံပင် ပါလာသည်။

နောက် စကားပြတ်သွားကြသည်။

အမှောင်မှာနက်၍ လာလေပြီ။ မော်တော်ဘုတ်မှာ ရေစီးကြောတွင်ပင် မျောနေသည်။ ရေစီးကား သိပ်မသန်လှ။ တစ်ချက်တစ်ချက် လယ်၍ပင်နေ၏။

တော်သေးသည်။ မုဆိုးလေး လတစ်ခြမ်းသည် ကောင်းကင်သစ်ပင် ချုံနွယ်အကြားမှ ချိတ်ဆွဲကာ ငြိနေသည်။ သစ်ပင်များမှာ အစိမ်းမဟုတ်။ အဖြူအပြာ၊ ငွေနှင့်နီလာ။ ဖြူပြာ။

မြစ်ရေပြင်တွင် မြင်ရသော မုဆိုးလေးကား ဇာထည်ပေါ်တွင် ပန်းထိုးထားသော သဏ္ဌာန်နှင့် တူသည်။ အစိမ်းရင့်အပေါ်တွင် ငွေမုဆိုးလေး။ သစ်ပင်များကား ဒီတစ်ခါတွင် စိမ်းနေသည်။ သို့သော် သစ်ရွက်သစ်ခက်များ၏ ထုထဲတွင် ငွေစက်များက အပေါက်ပေါက် ပြောက်ထား၏။ အဖြူ အစိမ်း၊ ငွေနှင့်မြ။ ဖြူစိမ်း။

"စက်က ဘယ်တော့ကောင်းမှာလဲ။ ဒီလိုဆိုရင် ညိုတော့ တော်တော်နဲ့ဟိုဘက်ဆိပ်ရောက်မှာ မဟုတ်ဘူးနော်။ ညဘက်ကူးလာပြီ"

ညိုမြိုက ကုတ်အင်္ကျီအနီကို ယူရင်း ညည်းတွားနေ၏။ သူမ၏ဘေးမှ လူကြီးက ဆေးပြင်းလိပ်ကို ညှိကာဖွာရင်း "အေးကွဲ့... ရေစီးကလည်း နှေးတယ်၊ သန်းခေါင်လောက်မှများ ရောက်နေမှာလား။ ဆရာလည်း ရောက်ချင်တာပဲ"

ညိုမြိုကား 'ဆရာ' ဟု သူ့ကိုယ်သူ ပြောသဖြင့် မည်သူမည်ဝါလည်းဟု သိချင်နေ၏။

"ဆရာက ရန်ကုန်တက္ကသိုလ်မှာ ဘူမိဗေဒပါမောက္ခလုပ်တယ်။ ခွင့်ခြောက်လ ယူထားတယ်။ ဒီဘက်နယ်မှာ ကိစ္စလေးရှိလို့ ရေနံမြေမှာ ရေနံထွက်မှုနဲ့ ပတ်သက်ပြီး ရှာဖွေစမ်းသပ်စရာတွေရှိလို့ လာရတာ။ အရေးပိုင်က ဆရာ့တပည့်ထဲကကို။ သူက ဖိတ်တာနဲ့"

ညိုမြိုမှာ အံ့သြနေ၏။ တစ်ကျောင်းတည်းဖြစ်၍ မသိသည်မှာ အံ့သြရမလိုဖြစ်၏။ သို့သော် မိမိက သိပ္ပံပညာဘက်ကဖြစ်၍ ဝိဇ္ဇာဘက်မှ လူများကို မသိခြင်းဖြစ်ပေမည်။

"ဆရာတို့ ပြည်မှာက မရှာဖွေ မစမ်းသပ်ရသေးတဲ့ မြေရိုင်းတွေ အများကြီးကို ကျန်သေးတယ်။ ရေနံဟာ အလယ်ပိုင်းမှာတင် မဟုတ်ဘူး၊ မြစ်ဝကျွန်းပေါ်မှာလည်း ရှိတာပဲ။ အလယ်ပိုင်းမှာလည်း ရေနံထွက်မယ့်နေရာတွေ အများကြီး ကျန်ဦးမယ်။ ထွက်ကုန်တွေလည်း ဒီထက်ရအောင် အားလုံးဝိုင်းဝန်းပြီး လုပ်ကြရင် သိပ်ကောင်းမယ်။ အခုတော့ တကွဲစီတပြားစီ ဖြစ်နေတာကို"

ဘူမိဗေဒပါမောက္ခကြီးသည် ဆက်လက်ကာ သတ္တုနှင့်ပတ်သက်သော သုတေသနလုပ်ငန်းများအကြောင်း ပြောပြနေသည်။

မော်တော်ဘုတ်ဝမ်းဗိုက်ကို လှိုင်းလေးများက [illegible] ဖျတ်ဖျတ်နှင့် လာရိုက်နေကြ၏။ မြစ်လယ်တွင် ဤကူးတို့ မော်တော်ဘုတ် တစ်စင်းပဲရှိသည်။ လေသည် တစ်ခါတစ်

www.burmeseclassic.com

www.burmeseclassic.com



ခါ တော်တော်လေး ပြင်းပြင်းတိုက်နေ၏။ ငွေလရောင်မှာ တဖြည်းဖြည်း စိုစွတ်လာသည်။ လှိုင်းသံလည်း မြည်၍ လာသည်။

စိန်ပွဲစားမိန်းမကြီးမှာ လဲလျောင်း၍နေလေပြီ။ လယ်သမားကြီးများသည် စက်ခန်းနံရံကိုမှီကာ ငိုက်နေကြ၏။ တရုတ်ကပြားများလည်း အမေရိကန်ရုပ်ရှင်အကြောင်း စကားမပြောနိုင်ကြ။ သူတို့မှတ်မိသော ရုပ်ရှင်မင်းသမီးနာမည်များလည်း ကုန်လေပြီ။ ဘာဘူကုလားများသာ ရွှေဈေးအတက်အကြကို ကြောင့်ကျပူပင်ကာ မအိပ်နိုင်ဘဲ ဟိုလိုမှဲ့ဒီလိုမှဲ့ လိုမှဲ့နေကြ၏။

ပါမောက္ခကြီးမှာ ဘူမိဗေဒအကြောင်းပြီးလျှင် လယ်ယာမြေသြဇာဓာတ်များအကြောင်း နည်းနည်းကျဉ်းကျဉ်းသာ ပြောနိုင်ပြီး စကားနည်းသွားသည်။

ညိုမိမှာ စိမ်းလက်လက်မြစ်ထဲရှိ ငွေမှုဆိုးလေးကိုင်းကို အနီးကပ်ကြည့်ချင်သဖြင့် မော်တော်ဘုတ်၏ ခါးပန်းနားသို့ ရွှေ့လာသည်။ မီးခိုးရောင်ကုတ်အင်္ကျီနှင့် လူချောချောနှင့် ဘေးတိုက်ဖြစ်လာသည်။

မှုဆိုးလေးကိုင်းမှာ ဘယ်ကိုပဲ ပစ်လိုက်တော့မလိုနှင့် လှုပ်ရှားနေသည်။ မော်တော်ဝမ်းကို လာရိုက်သော ရေသံမှာ ဂီတဆန်လာသည်။ အသံမှာပို၍ မြည်လာသည်။ မှုဆိုးလေးမှာ ပစ်မည့်ဟန်ဖြင့် ကြွလာ၏။ သို့သော် မြားတံကားမပါ။

သဘော်စက်ခန်းဘက်ဆီမှ မယ်ဒလင်လေးနှင့် သီချင်းဆိုသံသည် ငွေလှိုင်းမြလှိုင်းနီလာလှိုင်းများကို တော့ကာ တော့ကာ ဖြတ်သန်းကာဝေ့လာသည်။

ရွှေရွှေရွှေရောင်သား
ငွေငွေငွေရောင်သား
မြရေယာဉ် မော်ပင်ကြား
မြူးခံတဲ့ငါး။

ညိုမိသည် တေးသံကိုကြားသောအခါ အင်းလျားကန်ကြီးကိုသွား၍သတိရသည်။ ရေသံသည် တဖျတ်ဖျတ်နှင့်။

ဘယ်လိုနှင့် ဘယ်လိုမသိ။ မီးခိုးရောင် ကုတ်အင်္ကျီနှင့် ခပ်ချောချောယောကျ်ားပျိုသည် ညိုမိကို လာအသိဖွဲ့သည်။ ညိုမိက သူတည်သော စီးကရက်ကိုပင် အားနာပါးနာနှင့် ဖွာနေလိုက်သေး၏။

သူ့နာမည်က မောင်မြအောင်တဲ့။ ဒါပဲသိရ၏။

မျက်နှာအမူအရာမှာ မှုန်တေတေ နိုင်သော်လည်း စကားပြောသောအခါ နှုတ်ခမ်းနှင့်ပါးမှာ လှုးလွန့်လာပြီး အပြုံးများဖူးပွင့်လာ၏။ အပြုံးပွင့်များမှာ သိပ်မကြွမ်း၊ ထက်သန်၏။ မပျော့ပြောင်း။ သို့သော် အရှည်ခံ၏။ စွဲစရာကောင်း၏။

“ကျွန်တော်က လူ့ဘဝကို သင်္ချာဝိဇ္ဇာပညာလို ဖျက်ကိန်းတွေ၊ တွက်ကိန်းတွေထုတ်ပြီး မသွားချင်ဘူး။ တစ်နဲ့ နှစ်ပေါင်းရင်း သုံးရမယ်ဆိုတာ သိပါရဲ့။ ငါးထဲက သုံးနှုတ်ရင် နှစ်ကျန်မယ်ဆိုတာ သိပါရဲ့။ အဖြေကိုလည်း မြင်ပါရဲ့။ ဒါပေမဲ့ အဲဒီအဖြေရလို့ စိတ်ထဲမှာ ဘာမှ ဖြစ်မလာဘူး။ အင်း...အဖြေပါကလားလို့တော့ ဟင်းခနဲ သက်ပြင်းချနိုင်တာပေါ့လေ။ ဒါပဲ”

ရေယမုန်ပတ်ပျိုးသီချင်းသံ တိတ်သွားသည်။ ညိုမိသည် ကိုမြတ်အောင်၏ စကားကို မျက်တောင်လေး စင်းကာ နားထောင်နေသည်။

“ကျွန်တော်က မှောင်ထဲမှာ ခရီးသွားချင်တဲ့ အကောင်။ ဘယ်လောက်မှောင်မလဲ မှောင်ပေ့စေ။ ပိန်းပိတ်နေအောင်ကို မှောင်ပေ့စေ။ အဲ– ကြယ်တစ်ပွင့်လောက်တော့ ခေါင်မိုးက ရှိချင်ရှိ။ ဒါပေမဲ့ ဘာမှမမြင်ရဘူး၊ ရေးရေးပဲ ရှိလိမ့်မယ်။ ဘာပုံသဏ္ဌာန်ကိုမျှ ခွဲခြားလို့မရဘူးလေ။ အဲဒီထဲ သွားချင်တယ်။ ကြိုတင်ပြီးတော့ ဘာမှ မသိရဘူး။

အနားကပ်တော့မှ ဒါသစ်ပင်သစ်ငုတ်တိုပါကလား၊ ဒါက ပန်းပေါင်းကူးတံတားပဲ၊ ဒါက စမ်းရေစပ်စပ်ပဲလို့ သိချင်တယ်။ အဲဒီမှာ ပျော်တယ်။ မြောင်းထဲကျပြီး ချော်လဲချင် လဲပေစေလေ။ မနာပါဘူး ဆက်သွားမှာပဲ။ ဒါကိုပဲ စိတ်ကျေနပ်တယ်။ သည်မှာလိုတော့ ဟောဒါအဖြေခင်ဗျာ ဆိုပြီး မပြနိုင်ဘူး။ ဆရာက အမှားအမှန် အမှတ်ပေးတာလည်း မမြင်ရဘူး။ လုပ်နည်းမှန်တယ်၊ ဂဏန်းအချမှားတယ်။ သတိလစ်တယ်၊ စိတ်မရှည်ဘူး ဘာဘူးညာဘူးနဲ့ ပြန်ပြင်ခိုင်းတာ။ နောက်တစ်ခါ အမှန်ရလာတာလည်း မတွေ့ရဘူးပေါ့လေ”

ညိုမိသည် ကောင်းကင်ရှိ တဖြည်းဖြည်း လျှောဆင်းသွားသော မှုဆိုးလေးကိုင်းကို ငေးကြည့်ကာ “ဒါဖြင့် ကိုမြတ်အောင်က အဆုံးသတ်ကို မယုံကြည်ဘူးပေါ့၊ လမ်းမှာ ခဏတစ်ဖြုတ် ကိစ္စတွေကို ကြည်နူးတတ်တာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ အဖြေထက် ရှာဖွေစမ်းသပ်မှုမှာ ပျော်တာပေါ့။ ရှုပ်သွားပြီလား"

ကိုမြတ်အောင်သည် ငေးနေရာမှ "ဒါတော့ ကျွန်တော့်ကိုယ် ကျွန်တော်လည်း မသိသေးဘူး။ ဒါဟာ အဆိုးလား၊ အကောင်းလား"

ညိုမီက ကုတ်အင်္ကျီအနီကို အလယ်ကြယ်သီးဖြုတ်လိုက်ကာ ငွေလရောင်ဘက်သို့ ငေးမျှော်ပြီး "အမှားအမှန်ဆိုတာ ညိုမပြောတတ်ပါဘူး။ လောကကြီးမယ် တကယ့်အမှန်တရား၊ သစ္စာတရားဆိုတာ ပြောဖို့ခက်သားပဲ။ အဆုံးစွန်သော အမှန်ဆိုတာ မရှိနိုင်ပါဘူး။ နှိုင်းယှဉ်ပြီး အမှားအနည်းဆုံးဟာ အမှန်ပဲပေါ့။ ဒါလည်း ပြောင်းလဲနေတာပဲ မဟုတ်လား"

အတန်ကြာမှ ညိုမီက မျက်တောင်လေးပင့်တဲ့၍ "နေပါဦး ကိုမြတ်အောင်ကို ညိုတစ်ခုမေးချင်တယ်"

ကိုမြတ်အောင်က စီးကရက်တစ်လိပ် ထပ်ညှိပြီး "မေးပါ၊ တတ်သလောက်ပြောပါ့မယ်" ဟု ပြုံး၍ဖြေလိုက်၏။

"မြစ်စပ်ကရွှံ့နဲ့ ကိုမြတ်အောင်ကိုယ်တိုင် ယမင်းရုပ်ကလေးကို လုပ်မလား။ ဒါမှမဟုတ် ကုလားပြည်ကလာတဲ့ ဖန်ယမင်းရုပ်ကလေးကို ပိုက်ဆံနဲ့ ပေးဝယ်မလား"

ကိုမြတ်အောင်က စီးကရက်ကို ပြာခွေချလိုက်ကာ "ကျွန်တော်ကတော့ ရွှံ့ရုပ်ကို ကိုယ်တိုင်လုပ်ချင်တာပဲ။ ရွှံ့တွေလည်း အပေါ်သားမဟုတ်လား။ ဟောဒီမြစ်ကမ်းပါးမှာတောင် ရှိမှာပဲ" ဟု ဆိုကာ ငွေလရောင်ပြက်နေသော ကမ်းကို မေးငေါ့ပြသည်။

အတန်ကြာမှ သူသည် ပခုံးကိုတွန့်ကာ "ကုလားပြည်ကလာတဲ့ ဖန်ရုပ်လဲ သမံတလင်းပေါ် ကျကွဲတာပါပဲ" ဟုဆိုကာ ရယ်မောနေ၏။ ညိုမီလည်း ရယ်မောကာနေသည်။

ညိုမီက "မကွဲအောင် အောက်မကျနိုင်တဲ့ အံဆွဲထဲမှာ လုံလုံခြုံခြုံ သိမ်းထားမှာပေါ့" ဟု ပြောလိုက်သည်။

နောက် စကားပြတ်သွားကြသည်။

ညဉ့်လည်း နက်လာလေပြီ။ ခရီးသည်များအားလုံးပင် အိပ်၍ပျော်သလား မပျော်သလားမသိ။ တိတ်နေကြသည်။ ဘာဘူကုလားများ၏ လူးလွန့်သံသာ ရေသံနှင့်အတူ ရောနေသည်။

လေကလည်း တဖြူးဖြူး၊ ငွေလရောင်ကလည်း တဖိတ်ဖိတ်နှင့် ညိုမီမှာ မကြာမီ မှေးမှေးမှေးမှေးနှင့် အိပ်ပျော်သွားသည်။ ရေသံမှာ ကလေးချော့တေး၊ အို..အို..အိပ်ပါတော့လေး။ ယီးလေလေ့၊ ယီးလေလေ့။

မောင်နှင့်အတူ အင်းလျားကန်ထဲတွင် လှေကလေးနှင့် လှော်နေကြသည်။ လှေကနည်းနည်းတော့ လူးသည်။ ဒါပေမဲ့ မမှောက်နိုင်ပါဘူး။ လှိုင်းကြီးလှေအောက်ပေါ့။ လှိုင်းကလေးများသည် လှေဝမ်းနှင့် လာရိုက်သဖြင့် တဖျတ်ဖျတ်နှင့်။

မောင်သည် အေးအေးသာသာ လှော်တက်ကို ယက်နေရင်းက ဘာစိတ်ကူးရသည်မသိ၊ ထကာ မိမိကို ဖက်တော့သည်။ လှေသည် တစ်ဖက်သို့လူးကာ ရေဝင်လာသည်။ ဘာလုပ်တာလဲ ဆရာကြီးရဲ့။ လှေနစ်လိမ့်မယ်။ အရမ်းမလုပ်နဲ့လေ။

သို့သော် တား၍မရ။ သူ့မျက်နှာကြီးသည် မိုး၍သာလာတော့သည်။ မောင်... မောင် ဘယ့်နှယ်လုပ်တာလဲ။ သူ သည် တအားနမ်းနေသည်။ လှေလှုပ်သဖြင့် လှိုင်းသည် ခုန်ကြွကာ သူမ၏နှုတ်ခမ်းသို့ လာစင်သည်။ ရေစက် သည် အေးမည်ဟု ထင်ရ၏။ သို့သော် မအေး။ အတွေ့မှာ ပူနွေးနေသည်။ ဘယ့်နဲ့ပါလိမ့်နော်။ မောင်မှာ တဖြည်းဖြည်း ကြမ်းလာသည်။ မောင်... မောင် လွှတ်နော်။ ညို စိတ်ဆိုးလိမ့်မယ်။ လွှတ်ဆိုလွှတ်။

အို... မောင်မဟုတ်။

သူ့ကိုနမ်းနေသော သူ၏မျက်နှာကား ကိုမြတ်အောင်၏မျက်နှာ။ ဆံပင်ကောက်ကောက်နှင့် အသားဖြူဖြူ။ သို့သော် ရုန်းကန်၍မရ။ နှုတ်ခမ်းကို ဖယ်ပစ်လို့မရ။ လွှတ်ပါဆိုသည့်အသံလည်း အပြင်ဘက် ထွက်မလာ။ သူ့နှုတ်ခမ်းက ပိတ်ထားသည်။

အကြောများမှာ ဆိုင်းနေသည်ဟု မှတ်ထင်ရသည်။ မိမိမှာ ကော့နေပြီး ထ၍မရအောင် ဖိခြင်းခံရသည်။ အိပ်ချင်စိတ် ပြင်းပြလွန်းသဖြင့် တွန်းကန်သော အားကမရှိ၊ မရှိသည့်အထဲ အလိုလိုနေရင်း မောနေသဖြင့် ရုန်းလို့ကိုမရ။ နောက် အိပ်ပျော်သွားပြန်သည်။

အိပ်ရာမှ နိုးသောအခါ မျက်နှာပေါ်တွင် အရောင်တစ်ခုက ထိုးရိုက်ဆင်းနေသည်ကို ဦးစွာခံစားလိုက်ရမိသည်။ မှဆိုးလေးကိုင်းမှ ငွေလရောင်မဟုတ်။ နောက်ခင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နေရောင်ပူနွေးနွေး။

ညိုမြိုသည် ဖျတ်ခနဲ လှဲနေရာမှထလိုက်သည်။ စီးနေသော နွတ်ခမ်းကို လက်နှင့်အသာသုတ်ပစ်သည်။ မော်တော်ဘုတ်ပေါ်တွင် ဘယ်သူမှ မရှိကြတော့။ ဟာလာဟင်းလင်း။ ကိုမြတ်အောင်ကော။ ဟင်... ဘယ်သူမှ မရှိကြတော့။

တစ်ဖက်သို့ လှည့်လိုက်မှ သူ့ကိုပြုံးကြည့်နေသော ဘူမိဗေဒပါမောက္ခကို မြင်ရသည်။ သူသည် သားရေသေတ္တာကို လက်မှဆွဲထားသည်။

"မင်းအနိုးကို ဆရာစောင့်နေတာ။ ညက တော်တော်အိပ်ကောင်းတယ်ထင်တယ်"

ညိုမြိုမှာ အဲဒီတော့မှ သတိရကာ "ကိုမြတ်အောင်ကော" ဟု ဖြုန်းခနဲမေးမိသည်။ မေးပြီးမှ လိပ်ပြာမလုံသလိုနှင့် ရှက်သွားသည်။

ဘူမိဗေဒပါမောက္ခကြီးက "အမယ် နာမည်ရင်းတောင် သိနေလား။ ဗိုလ်ကျော်စွာလား။ အစောကြီး ကုန်းပေါ်တက်သွားပြီ။ လင်းအားကြီးကတည်းကပဲ"

ညိုမြိုမှာ အံ့သြစွာနှင့် "သူ့နာမည်က ဗိုလ်ကျော်စွာတဲ့လား"

"ကွန်မြူနစ်တော်လှန်ရေးကြီးထဲ ဝင်သွားတော့ ဗိုလ်ကျော်စွာနာမည်ခံလိုက်တာပဲ။ ကျောင်းမှာ တက္ကသိုလ်သမဂ္ဂ ဒုတိယဥက္ကဋ္ဌတုန်းကတော့ မောင်မြအောင်ပေါ့။ ဆရာ့တပည့်ပါပဲ။ သချာဂုဏ်ထူးတန်း ဒုတိယနှစ်မှာ ထွက်သွားတာပဲ"

ညိုမြိုမှာ အံ့သြစွာနှင့် ကုတ်အင်္ကျီအနီကို ခေါက်ကာနေသည်။ ခေါင်းမှ ပျံ့ဝဲကျလာသော ဆံပင်များကိုလည်း လက်နှင့်အသာ သပ်ပစ်နေသည်။ သပ်ရင်း နွတ်ခမ်းကို ကိုက်ထားသည်။

"တိုက်ပွဲမှာတုန်းက နာမည်ကြီးပေါ့။ အသတ်အဖြတ်လည်း အင်မတန် ရက်စက်တယ်။ အခုတော့ ဆရာ့ကိုလည်း သူမှတ်မိပုံမရဘူး။ ကဲ သူငယ်မ မျက်နှာသစ်ဦး။ ဆရာတော့ စက်ခန်းက ခွက်ယူပြီး သစ်ရတယ်"

ညိုမြိုသည် ငေးမောမောနှင့် မျက်နှာသစ်သည်။ မျက်နှာသစ်ရင်း နွတ်ခမ်းကို တော်တော်ကြာ ဆေးကြောနေသည်။

ညိုမြိုသည် အဝတ်အစားကို ပြင်ဆင်ဝတ်ကာ လက်မောင်းပေါ်တွင် ကုတ်အင်္ကျီအနီကိုတင်ကာ လက်တစ်ဖက်မှ သားရေအိတ်ကို ဆွဲသည်။

"ကဲ... လာ ဆရာနဲ့အတူသွားကြတာပေါ့"

ပါမောက္ခနှင့် သတင်းစာအတတ်သင်ကျောင်းသူသည် မော်တော်ဘုတ်မှ တံတားပေါ်သို့ တက်ကြသည်။ ညိုမြိုသည် တံတားပေါ်ရောက်သောအခါ ကမ်းပေါ်ရှိရှုခင်းကို ကြည့်လိုက်သည်။

အုတ်ကြွပ်နီနီ သစ်သားအကာနှင့် ကင်းစောင့်ရုံကလေးမှာ မော်တော်ကားဆိပ်ရှေ့ရှိ ကုန်းမြင့်တွင် ရှိသည်။ ဝင်းဝတွင် စစ်သားတစ်ဦးသည် ရပ်နေသည်။ ကင်းစောင့်ရုံတွင် တူတံစဉ်အလံနီသည် လေဝယ်တဖျတ်ဖျတ် လွင့်နေသည်။

ကားသမားများသည် "ရန်အောင်မြို့တော်ကိုလား" ဟု ဆိုကာ သူတို့ထံ ပြေးလာကြသည်။

ပါမောက္ခကြီးက "အငှားကားပဲ စီးကြတာပေါ့။ ဟိုရောက်မှ ခွဲကြတာပေါ့။ ဆရာက ဂရိတ်သံရုံးက ဆရာ့တပည့်တစ်ယောက်အိမ်မှာ တည်းမယ်။ မင်းကော"

"ကျွန်မကတော့ တက္ကသိုလ်ကျောင်းအဓိပတိထံကိုပဲ သွားမှထင်ပါရဲ့"

ညိုမြိုသည် ရှူးဖိနပ်ဖြူကလေးနှင့် လှမ်းကာ မော်တော်ကားထက်သို့ တက်လိုက်လေ၏။

BURMESE CLASSIC .com

❖

အတွဲ–၃၊ အမှတ်–၂၆၊ ၁၉၄၉၊ ဇူလိုင်၊
ရှုမဝ မဂ္ဂဇင်း

www.burmeseclassic.com